# မြန်မာနိုင်ငံ အနောက်မြောက်ဘက် ကမ်းလွန်ရှိ အဏ္ဏဝါ ဒေသရင်းသတ္တဝါများ

**ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်သူများမှ လုပ်ငန်းကနဦးခြေလှမ်းသည် မြန်မာနိုင်ငံ အနောက်မြောက် ကမ်းလွန်ရေပြင်များရှိ အဏ္ဏဝါ ဒေသရင်း သတ္တဝါ  (အထူးသဖြင့် ဝေလငါးများ၊ လင်းပိုင်များ နှင့် လိပ်များ) ဇီဝမျိုးစုံမျိုးကွဲအပေါ် အမြင်သစ်များ ဆောင်ကြဉ်းပေးသည်။**

## စီမံကိန်း အဓိကအကြောင်းအရာများ

- O&G လုပ်ငန်းဆောင်ရွက်သူခုနစ်ဖွဲ့တို့သည် ဘင်္ဂလားပင်လယ်အော် မြန်မာနိုင်ငံအနောက်မြောက်ဘက်၏ ကမ်းလွန်ရေပြင်များ၌ ဆိုက်စမစ်တိုင်းတာမှုများကာလအတွင်း အဏ္ဏဝါ ဒေသရင်း သတ္တဝါ စောင့်ကြည့်လေ့လာသူများ (MFOs) က ကောက်ယူခဲ့သည့် မျက်မြင် အဏ္ဏဝါ သတ္တဝါ မြင်တွေ့ရမှုများနှင့် ပတ်သက်သည့် အချက်အလက်များကို စုစည်းခဲ့သည်။

- သဘာဝပတ်ဝန်းကျင်အစီရင်ခံစာများ နှင့်အတူ ရေနံ နှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်းဆောင်ရွက်သူများသည် မြန်မာနိုင်ငံရှိ လုပ်ငန်းများ ကို အထောက်အကူပြုရန် ပြင်ဆင်ထုတ်ဝေခြင်း ဖြစ်ပါသည်။

- တွေ့ရှိချက်များသည် O&G လုပ်ငန်းဆောင်ရွက်သူများအတွက် ဒေသတွင်း ရှိနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နားလည်သဘောပေါက်မှုကို ဖြည့်ဆည်းပေးပြီး၊ ကမ်းလွန်လုပ်ငန်းများအတွက် သင့်လျော်သော ထိန်းချုပ်မှုများ နှင့် လျှော့ချမှုများနှင့်ပတ်သက်၍ အနာဂတ်ဆန်းစစ်ခြင်းများ နှင့် အကောင်အထည်ဖော်ရွက်မှုတို့ ကို သတင်းပေးနိုင်ပါသည်။

## နောက်ခံအကြောင်းအရာ

- ၂၀၁၅ နှင့် ၂၀၁၇ တို့အကြား မြန်မာနိုင်ငံ အနောက်မြောက်ဘက်၏ ကမ်းလွန် ရေပြင်များရှိ ဆောင်ရွက်ခဲ့သည့် အဏ္ဏဝါ ဆိုက်စမစ်တိုင်းတာမှု ဆယ်ခု ကာ လအတွင်း ဆိုက်စမစ်ရေယာဉ်များအပေါ် ကျွမ်းကျင်သော MFOs ထား၍ အဏ္ဏဝါ သတ္တဝါ လေ့လာဆောင်ရွက်မှုများနှင့် သက်ဆိုင်သော အချက် အလက်များကို ကောက်ယူခဲ့ပါသည်။

- စုစုပေါင်း ခန့်မှန်း ဆိုက်စမစ်တိုင်းတာမှု နယ်မြေဧရိယာမှာ ၇၇၆၄၂ စတုရန်းကီလိုမီတာ (*ပုံ ၁* တွင်ကြည့်ပါ) ဖြစ်ပြီး၊ ယေဘုယျအားဖြင့် ရေနက်ပိုင်းရေပြင်နေရာများ၏ အနက်ဆုံး ၂၈၀၀ မီတာအထိ လွှမ်းခြုံခဲ့ပါသည်။

- အဏ္ဏဝါ ဆိုက်စမစ်တိုင်းတာမှုများကို နှစ်တစ်နှစ်၏ ဩဂုတ်လ နှင့် စက်တင်ဘာလတို့ မှလွဲ၍ လအားလုံးတွင် ဆောင်ရွက်ခဲ့ပြီး၊ စုစုပေါင်း အဏ္ဏဝါ ဒေသရင်းသတ္တဝါ လေ့လာဆောင်ရွက်မှုကို နာရီပေါင်း ၈၅၉၁ နာရီ ဆောင်ရွက်ခဲ့ပါသည်။

- MFO မြင်တွေ့ရမှုများဆိုင်ရာ အချက်အလက် စုစည်းမှုသည် မြန်မာနိုင်ငံ အနောက်မြောက် ကမ်းလွန်ရေပြင်များ၏ ကျယ်ပြန့်သော နယ်မြေဧရိယာ အတွက် အရည်အသွေးရှိသော အဏ္ဏဝါ ဒေသရင်းသတ္တဝါကြီးများ (megafauna) ဆိုင်ရာ အသိပညာကို ဖြည့်ဆည်းနိုင်မည့် အခွင့်အလမ်း တစ်ရပ်ကို ဖြစ်စေပါသည်။ အချက်အလက်များသည် ဒေသရင်း သတ္တဝါများ၏ ပေါများမှု သို့မဟုတ် ပျံ့နှံ့မှု ကို ကိုယ်စားမပြုကြောင်း မှတ်သားထားရန် အရေးကြီးသော်လည်း၊ တိုင်းတာခဲ့သည့် နယ်မြေဧရိယာအတွင်း ဒေသရင်း သတ္တဝါကြီးများ (megafauna) ရှိနေမှုနှင့် ပတ်သက်၍ အသေးစိတ်ကို ထောက်ပံ့ပေးထားပါသည်။




*ပုံ (၁) - အဏ္ဏဝါ ဒေသရင်း သတ္တဝါမြင်တွေ့ရမှုများအတွက် စုစုပေါင်း ခန့်မှန်းခြေ ဆိုက်စမစ် တိုင်းတာမှု နယ်မြေဧရိယာ*

### အဏ္ဏဝါ ဒေသရင်းသတ္တဝါ စောင့်ကြည့်လေ့လာသူများ (MFO)

MFO တစ်ဦး၏ အခန်းကဏ္ဍမှာ အဏ္ဏဝါ ဆိုက်စမစ်တိုင်းတာမှုများကာလ အတွင်းအဏ္ဏဝါ ဒေသရင်းသတ္တဝါများ ရှိနေမှုအတွက် စောင့်ကြည့်ကြည့်ရှုရန် နှင့် လေ့လာမှုများ၏ မှတ် တမ်းကို ထည့်သွင်းရေးမှတ်ရန် ဖြစ်ပါသည်။

MFOs အသုံးပြုမှုသည် အဏ္ဏဝါသဘာဝ ပတ်ဝန်းကျင်နှင့် ဆိုက်စမစ်တိုင်းတာမှု လုပ်ငန်း များ၏ အပြန်အလှန်ဆက်စပ်နေမှုကို စီမံခန့် ခွဲရာတွင် အ စိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး၊အဏ္ဏဝါ ဒေသရင်းသတ္တဝါများအပေါ် အသံကြောင့်အနှောင့် အယှက်ဖြစ်မှုကို လျှော့ချရေး အတွက် နိုင်ငံတကာ အလေ့အ ကျင့်ကောင်း များ ကို ကိုယ်စားပြုပါသည်။ လေ့လာစူးစမ်းမှု များကို UK Joint Nature Conservation Committee (JNCC) က ထုတ်ထား သည့် လ မ်းညွှန်များအား လိုက်နာ၍ ဆောင်ရွက်ခဲ့ပါသည်။

O&G လုပ်ငန်း ဆောင်ရွက်သူများ သည်ယခင်က သတ င်းအချက်အလက်များ အနည်းအကျဉ်းသာရှိသော မြန်မာနိုင်ငံ ကမ်းလွန်ရေပြင်များရှိအဏ္ဏဝါဒေသ ရင်းသတ္တဝါများဖြစ်ပေါ်မှုနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုကို ဖြည့်ဆည်းပေးသည့် MFOs ကကောက်ယူထားသည့်အချက်အလက်များ၏တန်ဖိုး ကို အသိအမှတ်ပြုကြပါသည်။





## အဓိက တွေ့ရှိချက်များ

- စုစုပေါင်းအဏ္ဏဝါဒေသရင်း သတ္တဝါ မြင်တွေ့ရမှု ၈၀၈ ခုကို မှတ်တမ်းယူခဲ့ပါသည်။ ၎င်း၌ အဏ္ဏဝါနို့တိုက်သတ္တဝါ ၅၈ ၀ ကြိမ် (ဝေလငါး နှင့် လင်းပိုင်) မြင်တွေ့ရမှုများ (တစ်ကောင်ချင်း စုစုပေါင်း ၂၉၄၂ ၁ ကောင်)၊ နှင့် လိပ် ၂၂ ၂၂၈ ကြိမ် (တစ်ကောင်ချင်း စုစုပေါင်း ၂၆၇ ကောင်) မြင်တွေ့ရမှုတို့ ပါပါဝင်ပါသည်။ အဏ္ဏဝါနို့ တိုက်သတ္တဝါ တစ်ဝက်ခန့် နှင့် လိပ် မြင်တွေ့ရမှုများသည် မျိုးစိတ် အဆင့်သို့ ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပါသည်။ အခြားသတ္တဝါမြင်တွေ့မှုများတွင် ငါးများ၊ ပင်လယ်မြွေများ နှင့် ငှက်များပါဝင်သော်လည်း ၎င်းတို့ကို အရေ အတွက် ရေတွက်တိုင်းတာမပြထားပါ။
- အဏ္ဏဝါ နို့ တိုက်သတ္တဝါမျိုးစိတ် ၁၅ မျိုး နှင့် လိပ်မျိုးစိတ် ငါးမျိုးတို့ကို လေ့ လာမှု ကာလအတွင်း မှတ်တမ်းယူခဲ့ပါသည် (*ဇယား ၁*)။
- လေ့လာခဲ့သောအဏ္ဏဝါဒေသရင်း သတ္တဝါ မျိုးစိတ် ခုနစ်မျိုးကို အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သမဂ္ဂ (IUCN) က 'မျိုးသုဉ်းရန် အခြေအနေရှိခြင်း (threatened)' အဖြစ်စာရင်းသွင်းထားပြီး၊ ၎င်းတို့ မှာ sei ဝေလငါးများ၊ sperm ဝေလငါးများ နှင့် လိပ်မျိုးစိတ် ငါးမျိုးလုံး တို့ဖြစ်ကြသည်။
- တွေ့ရအများဆုံး မျိုးစိတ်မှာ spinner လင်းပိုင်များ (၁၆၈ ကြိမ် မြင်တွေ့ရမှု)၊ Bryde's ဝေလငါးများ (၆၂ ကြိမ် မြင်တွေ့ရမှု)၊ olive ridley လိပ်များ (၇၈ ကြိမ် မြင်တွေ့ရမှု) နှင့် Risso's လင်းပိုင်များ (28 ကြိမ် မြင်တွေ့ရမှု) ဖြစ် ကြသည်။ အခြားမျိုးစိတ်များသည် ၁၀ ကြိမ်အောက်သာ မြင်တွေ့ရ ပါသည်။
- အရေအတွက်အများဆုံးမျိုးစိတ်မှာလည်း spinner လင်းပိုင် (တစ်ကောင်ချင်း ၁၅၆၈၇ မြင်တွေ့သည်) ဖြစ်ပါသည်။
- မြင်တွေ့ခဲ့ရသော ကွဲပြားသော အဏ္ဏဝါနို့ တိုက် သတ္တဝါအုပ်စုများကို *ပုံ - ၂* တွင် ပြထားပါသည်။ စုစုပေါင်း အဏ္ဏဝါနို့တိုက်သတ္တဝါမြင်တွေ့ရမှုများ၏ ၇၂% ဖြစ်ပြီး၊ မှတ်တမ်းယူခဲ့သည့် တစ်ကောင်ချင်း၏ ၉၅% မှာ Oceanic လင်းပိုင်များ ဖြစ်ကြသည်။ အုပ်စုအရွယ်အစားများသည် တ စ်ကောင်ချင်း ၁ မှ ၂၀၀၀ အထိ ရှိပါသည်။
- စုစည်းထားသော အချက်အလက်များသည် မြန်မာနိုင်ငံ အနောက်မြောက်ဘက်၏ ကမ်းလွန်သဘာဝ ပ တ်ဝန်းကျင်၌ ရှိနေမှု နှင့် ရှိနေသော အဏ္ဏဝါဒေသရင်း သတ္တဝါအမျိုးအစားများနှင့်ပတ်သက်၍ အသေအ ချာ ထောက်ပံ့မှု ဖြစ်စေပြီး၊ ဤသ တင်းအချက်အလက်များကို O&G လုပ်ငန်းဆောင်ရွက်သူများ က အနာဂတ် ပတ်ဝန်းကျင်ဆန်းစစ်မှုတို့၏ အစိတ်အပိုင်းအဖြစ် အသုံးပြု နိုင်ပါသည်။

## မျိုးစိတ်အသစ် မှတ်တမ်းများ

ဤစီမံကိန်းသည် မြန်မာနိုင်ငံ ရေပြင်များအတွက် ဖြစ်ပေါ် လာနိုင်သည့် မျိုးစိတ်အသစ်သုံးမျိုးနှင့် ယခင်က ဖြစ်ပေါ်နိုင်သည်ဟု ယူဆထားခဲ့ သည့် မျိုးစိတ်၏ အတည်ပြုမှတ်တမ်းရှစ်ခုကို ဖြည့်ဆည်းပေးပါသည်။

Humpback ဝေလငါးများ သည် ဘင်္ဂလားပင်လယ်အော်၌ ယခ င်က အစီရင်ခံမှုမရှိခဲ့ပါ။ လက်ရှိစီမံကိန်းတွင် humpback ဝေလငါး နှစ် ကြိမ်မြင်တွေ့ ရမှု၊ တစ်ကောင်းချင်း ၁၆ ကောင် ပေါင်းစပ်ထားမှုကို အစီရင်ခံခဲ့ပါသည်။

Omura's whale မြင်တွေ့ရမှု မှတ်တမ်းတစ်ခု နှင့် sei whale မြင်တွေ့ရမှု မှ မှတ်တမ်းနှစ်ခု တို့ကိုအစီရင်ခံခဲ့ပါသည်။ ဤမျိုးစိတ်နှစ်မျိုးစလုံးသည် မြန်မာနိုင်ငံ ရေပြင်များတွင် ယခင်က အစီရင်ခံထားခြင်း မရှိခဲ့ပါ။

အခြား အဏ္ဏဝါနို့တိုက်သတ္တာဝါ မျိုးစိတ် ရှစ်မျိုး ကို မြန်မာနိုင်ငံတွင် ဖြစ်ပေါ်မှုကို 'ဖြစ်နိုင်ခြေနည်းသော' သို့မဟုတ် 'ဖြစ်နိုင်သော' အခြေအနေအဖြစ် ယခင်က မှတ်တမ်းယူခဲ့ပြီး၊ ၎င်းတို့ ကို ယခုအစီမံကိန်းဖြင့် အတည်ပြုနိုင်ခဲ့ပါသည် (*ဇယား -၁*)။




*ပုံ (၂) - အဏ္ဏဝါ နို့တိုက်သတ္တဝါ မြင်တွေ့ရမှု အချိုးအစားများ*

*ဇယား (၁) - ၂၀၁၆ - ၂၀၁၇ မြန်မာနိုင်ငံ အနောက်မြောက်ဘက်၏ ကမ်းလွန်ရေပြင်များရှိ အဏ အဏ္ဏဝါဆိုက်စမစ်တိုင်းတာမှုများကာလအတွင်း လေ့လာခဲ့ရသော အဏ္ဏဝါ ဒေသရင်း သတ္တဝါ မျိုးစိတ်များ (N=မှတ်တမ်းအသစ်၊ C=ဖြစ်ပေါ်ကြောင်း ယခင်က အတည်ပြုထားမှု)*

| ဝေလငါးများ နှင့် လင်းပိုင်များ | | | ပင်လယ်လိပ်များ |
|---|---|---|---|
| Bryde's ဝေလငါး | Long-beaked common လင်းပိုင် (C) | Sei ဝေလငါး (N) | Green လိပ် |
| Common bottlenose လင်းပိုင် (C) | Melon-headed ဝေလငါး (C) | Short-finned pilot ဝေလငါး (C) | Hawksbill လိပ် |
| False killer ဝေလငါး (C) | Omura's ဝေလငါး (N) | Sperm ဝေလငါး (C) | Leatherback လိပ် |
| Humpback ဝေလငါး (N) | Pantropical spotted လင်းပိုင် | Spinner လင်းပိုင် | Loggerhead လိပ် |
| Indo-Pacific bottlenose လင်းပိုင် | Risso's လင်းပိုင် (C) | Striped လင်းပိုင် (C) | Olive ridley လိပ် |